မိသားစုနှင့်ကလေးများ ဝန်ဆောင်မှုများ ရုံး

# အာဟာရ ထပ်ဆင့်တိုးမြှင့်ရေး အကူအညီ အစီအစဉ် -SNAP (Food Stamps)

# လျှောက်ထားလွှာ

# ဂျော်ဂျီယာ (Georgia) ရှိ အစားအစာတံဆိပ်တုံး (Food Stamp) အစီအစဉ်

**အစားအစာတံဆိပ်တုံး အစီအစဉ်ဆိုသည်မှာ ဘာလဲ။**

အစားအစာတံဆိပ်တုံး အစီအစဉ်ဟုလည်း လူသိများသော အာဟာရထပ်ဆင့်တိုးမြှင့်ရေးအကူအညီ အစီအစဉ် (SNAP) သည် ဝင်ငွေနည်းပါးသည့်အိမ်ထောင်စုများအား အစားအစာကုန်ကျစရိတ်အတွက်ကူညီသည့်အနေဖြင့် လစဉ်သက်သာခွင့်များပေးအပ်သည့် ဖက်ဒရယ်အစိုးရ ရန်ပုံငွေဖြင့် မတည်ထားသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ အစီအစဉ်သည် ဝင်ငွေနည်းပါးသောမိသားစုများအား ကျန်းမာသောစားသောက်ပုံနှင့် ကျန်းမာသောဘဝနေထိုင်ပုံ ကိုမြှင့်တင်ရန် အာဟာရဆိုင်ရာ ပညာရေးကိုလည်း ပေးအပ်ပါသည်၊ ကလေးမရှိသောအိမ်ထောင်မရှိသည့် လူရွယ်များ အား အလုပ်အကိုင်နှင့် လေ့ကျင့်သင်တန်းအခွင့်အလမ်းများကိုလည်း ပေးအပ်ပါသည်၊ ဝင်ငွေနည်းသည့် အိမ်ထောင်စုများနှင့်အသိုင်းအဝိုင်း သို့ပေး သည့် အစားအစာတံဆိပ်တုံး အစီအစဉ်၏ အားသာချက်များကိုမြှင့်တင်ရန် အစွမ်းကုန်လှုပ်ရှားမှုများကိုလည်းဆောင်ရွက်ပါသည်။

**အိမ်ထောင်စု ဆိုသည်မှာ ဘာလဲ။**

အိမ်ထောင်စုတစ်ခုဆိုရာ၌ တစ်ဦးတည်းနေသည်၊ မိသားစုတစ်ခု၊ သို့မဟုတ် ဆွေမျိုးမတော်ကြသည့် လူအများ အတူတကွနေထိုင်ပြီး အစားအစာများအား ပုံမှန်အတူတကွဝယ်ယူ၍ ပြင်ဆင်စားသုံးကြကြောင်းဖြစ်နိုင်သည်။ အတူတကွနေထိုင်သော်လည်း အစားအစာများကိုပုံမှန်အတူတကွဝယ်ယူပြင်ဆင် စားသုံးခြင်းမပြုသောအချို့မိသားစုဝင်များ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်များအား အိမ်ထောင်စုတွင် ထည့်သွင်းရန် မလိုအပ်ပါ။ ထိုတစ်ဦးချင်းပုဂ္ဂိုလ်များ အတွက် လူမှုလုံခြုံရေးနံပါတ်များ၊ လူဝင်မှုအဆင့်အတန်း နှင့်နိုင်ငံသာအဆင့်အတန်းတို့ကို အမှုကိုင်ဝန်ထမ်းထံသို့ ပေးအပ်ရန် မလိုအပ်ပါ။ ပုဂ္ဂိုလ်တစ်ဦးအား အိမ်ထောင်စုတွင်ထည့်သွင်းမည် မထည့်သွင်းမည်ဆိုသည့် ဆုံးဖြတ်ချက်သည် ဖက်ဒရယ်အစိုးရစည်းမျဉ်းများအပေါ် အခြေခံပါသည်။

**အိမ်ထောင်စုသို့ မည်သည့်အမျိုးစားဖြစ်သော လျှောက်ထားသူဝန်ဆောင်မှုများကို ပေးအပ်ပါသနည်း။**

အကယ်၍ သင်သည် ဘာသာစကားပြော စကားပြန်တစ်ဦးကိုလိုအပ်လျှင်၊ ပုံစံကိုဖြည့်စွက်ရန်အကူအညီလိုအပ်လျှင်၊ မသန်စွမ်းသူ တစ်ယောက်အတွက် နေထိုင်အိမ်လိုအပ်လျှင် သို့မဟုတ် သင့်လျှောက်လွှာကိုဖြည့်စွက်ရန်အလို့ငှါ အချက်အလက်လိုအပ်လျှင်၊ ကျွန်ုပ်တို့ အားမေးမြန်းပါ သို့မဟုတ် ဖုန်း1-877-423-4746 ကိုခေါ်ပါ။ အကယ်၍သင့်တွင် အကြားအာရုံချွတ်ယွင်းမှုရှိပါက (GA Relay ) ကိုဖုန်း 1-800-255-0056 ဖြင့်ခေါ်ပါ။ ဤဝန်ဆောင်မှုများသည် အခမဲ့ဖြစ်ပြီး၊ ၄င်းတို့ကိုလိုအပ်သည့်မည်သူ့ကိုမဆို ပေးအပ်ပါလိမ့်မည်။

**အစားအစာတံဆိပ်တုံး သက်သာခွင့်များကို မည်သူက လျှောက်ထားနိုင်သနည်း။**

မည်သူမဆို အစားအစာတံဆိပ်တုံး သက်သာခွင့်များကို လျှောက်ထားနိုင်ပါသည်။ ဝင်ငွေနှင့် အရင်းအမြစ်များ အကန့်အသတ်ရှိသော အိမ်ထောင်စုများအား အစီအစဉ်က ထောက်ပံ့ပေးသည်။ ၄င်းတွင် ယာယီပင့်ဖိတ်ပြဿနာကြုံတွေ့နေရသော မိသားစုများ နည်းတူ ဆင်းရဲမွဲတေမှုအဆင့်နှင့် ၄င်းအောက်အဆင့် ဝင်ငွေရှိသော မိသားစုများလည်း ပါဝင်ပါသည်။

**သင် ဘယ်နေရာတွင် လျှောက်ထားမည်နည်း။**

ခရိုင်တိုင်းတွင် မိသားစု နှင့်ကလေးများ ဝန်ဆောင်မှု ဌာန(DFCS) ရုံးခန်းတစ်ခု ရှိပါသည်။ ဤဌာနသည် အစားအစာတံဆိပ်တုံး (Food Stamp) သက်သာခွင့်များအတွက် လျှောက်လွှာများကိုလက်ခံပါသည်။ သင့်တယ်လီဖုန်းစာအုပ် ခရိုင်အစိုးရခေါင်းစဉ်အောက်တွင် ကြည့်ရှုပါ သို့မဟုတ် ဂျော်ဂျီယာ (Georgia) လူမှုဝန်ဆောင်မှုများဌာန (DHS) ဝက်ဘ်ဆိုက် www.dfcs.dhr.georgia.gov/locations တွင်သင့်ဒေသခံ ဌာနနှင့် တယ်လီဖုန်းနံပါတ် ကိုရှာဖွေရန်သွားရောက်ပါ။

## သင် မည်သည့်အခါတွင် လျှောက်နိုင်သနည်း။

မိသားစုနှင့် ကလေးဝန်ဆောင်မှုများရုံး အားလုံးကို တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်ထားပါသည်၊ စနေ၊ တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက် များမှလွဲ၍ဖြစ်သည်။ ရုံးဖွင့်ချိန်များမှာ သမရိုးကျအားဖြင့် နံနက် 8:00 နာရီ မှ ညနေ 5:00 နာရီထိဖြစ်သည်။ သင့်နယ်မြေတွင်းရှိ ရုံးဖွင့်ချိန်များအတွက် သင့်ဒေသခရိုင်ဌာနကို ဖုန်းဆက်ပါ။ အွန်လိုင်းလျှောက်လွှာများကို တနင်္လာနေ့မှ သောကြာနေ့ အထိ နံနက် 8 နာရီမှ ညနေ 5 နာရီ အတောအတွင်း Georgia COMPASS ဝက်ဘ်ဆိုက် www.compass.ga.gov မှတစ်ဆင့် ရရှိနိုင်ပါသည်။

## တရားဝင်ကိုယ်စားလှယ် တစ်ဦးဆိုသည်မှာ ဘာလဲ။

တရားဝင်ကိုယ်စားလှယ်တစ်ဦးဆိုသည်မှာ သင်လုပ်ရန်မအားသဖြင့် သင့်ကိုယ်စား အစားအစာတံဆိပ်တုံး လျှောက်ထားရန်၊ ရယူရန် နှင့်/သို့မဟုတ် အသုံးပြုရန် သင့်အိမ်ထောင်စုက ခွင့်ပြုထားသူတစ်ဦးကို ဆိုလိုသည်။

## သက်သာခွင့်များကို သင် မည်ကဲ့သို့လျှောက်ထားမည်နည်း။

သက်သာခွင့်များကိုလျှောက်ရန် အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦး၊ သို့မဟုတ် သင့်အိမ်ထောင်စုကိုကိုယ်စားပြုသည့်တရားဝင်ပုဂ္ဂိုလ်သည် အကူအညီ အတွက် လျှောက်လွှာကိုဖြည့်စွက်နိုင်သည်။ လျှောက်လွှာကို သင့်ဒေသ ခရိုင် မိသားစုနှင့်ကလေးဝန်ဆောင်မှုများဌာန သို့မဟုတ် DHS ဝက်ဘ်ဆိုက် တို့က သင့်ထံမှ လက်ခံနိုင်ပါသည်။ လျှောက်ထားရန် သင်သည်ရုံးခန်းသို့သွားနိုင်သည်၊ ရုံးကိုဖုန်းခေါ်ပြီး သင့်အိမ်လိပ်စာဖြင့် လျှောက်လွှာကိုပို့ပေးပါရန် တောင်းဆို နိုင်သည် သို့မဟုတ် ပုံစံကို သင့်အတွက်ယူပေးရန် တစ်ဦးတစ်ယောက်အားလုပ်ခိုင်းနိုင်ပါသည်။ အောက်ဖော်ပြပါဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သော လျှောက်လွှာအလွတ်ကို သင် ကူးယူနိုင်ပါသည်- www.dfcs.dhr.georgia.gov/foodstamps ပုံစံကိုဖြည့်စွက်ပြီး စာပို့ သို့မဟုတ် ဖက်စ် သို့မဟုတ် သင့်ဒေသ ခရိုင်ရုံးသို့ ယူဆောင်သွားပါ။

## သက်သာခွင့်များကို အွန်လိုင်းမှ သင် မည်ကဲ့သို့လျှောက်ထားမည်နည်း။

သင်သည် အစားအစာတံဆိပ်တုံး အတွက်အွန်လိုင်းဖြင့် COMPASS ဝက်ဘ်ဆိုက် www.compass.ga.gov မှလည်းလျှောက်ထား နိုင်သည်။ COMPASS သည်လူပုဂ္ဂိုလ်များအား အစားအစာတံဆိပ်တုံး များကိုအွန်လိုင်းမှလျှောက်ရန် ခွင့်ပြုပါသည်။ အွန်လိုင်းတွင် စာရင်းဖွင့်ထားသည့် လျှောက်ထားသူများသည် မိမိတို့၏လျှောက်လွှာအခြေအနေကို စစ်ဆေးနိုင်သည်၊ ၎င်းပြင် COMPASS (Pre-screening Tool) မှတစ်ဆင့်အခြား DHS အစီအစဉ်များအတွက် မိမိတို့၏ရထိုက်ခွင့်ကိုလည်း စစ်ဆေးနိုင်ပါသည်။ ထပ်ဆင့်၍ အစားအစာတံဆိပ်တုံး လက်ခံယူသူတို့အား အိမ်ထောင်စုအခြေအနေပြောင်းလဲမှုများသတင်းပို့ရန် နှင့်မိမိတို့၏သက်သာခွင့်များကို သက်တမ်းတိုးရန် အွန်လိုင်းမှ COMPASS ကခွင့်ပြုထားပါသည်။

## မည်သည့်အခါတွင် လျှောက်လွှာတစ်ခုသည် တင်သွင်းပြီးဟု မှတ်ယူပါသနည်း။

လျှောက်လွှာတစ်ခုတွင် အိမ်ထောင်ဦးစီးအမည်၊ လိပ်စာ၊ ရက်စွဲနှင့် အိမ်ထောင်ဦးစီး သို့မဟုတ် အခြားအိမ်ထောင်စုဝင် ၏ထိုးမြဲလက်မှတ်တို့ပါရှိပြီး ၎င်း လျှောက်လွှာကို ဒေသ ခရိုင်ဌာနကလက်ခံလိုက်သောအခါ လျှောက်လွှာတစ်ခုသည် တင်သွင်းပြီးဟုမှတ်ယူပါသည်။ လျှောက်လွှာကို လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သို့မဟုတ် ဖက်စ်ဖြင့်ဖြစ်စေ သို့မဟုတ် အွန်လိုင်းမှဖြစ်စေ မိသားစုနှင့်ကလေးဝန်ဆောင်မှုများဌာန သို့လျှောက်ထားနိုင်ပါသည်။) လျှောက်လွှာတစ်ခုကို သင့်ဒေသရှိ ခရိုင် မိသားစုနှင့် ကလေးဝန်ဆောင်မှုများဌာနတွင် *လျှောက်ထားသင့်သည်၊* သို့သော်လည်း မည်သည့်မိသားစုနှင့် ကလေးဝန်ဆောင်မှုများဌာန မဆိုတို့သည် သင့်လျှောက်လွှာကိုလက်ခံနိုင်ပါသည်။ လျှောက်လွှာတစ်ခုလုံးကို သင်ကြိုးစားပြီးဖြည့်စွက်သင့်သည်။ သင့်တယ်လီဖုန်းနံပါတ် နှင့်/သို့မဟုတ် လိပ်စာကို သင်ပေးထားရန် **အလွန်** အရေးကြီးပါသည်၊ သို့မှသာ DFCS သည်တယ်လီဖုန်းဖြင့် သင့်အားဆက်သွယ် နိုင်မည်ဖြစ်သည်။

**လျှောက်လွှာကို လျှောက်ထားပြီးသည်နှင့် တစ်ပြိုင်နက် ဘာဖြစ်မည်နည်း။**

သင် သို့မဟုတ် သင့်အိမ်ထောင်စုဝင်တစ်ဦး (သို့မဟုတ် သင့်အိမ်ထောင်စုအတွက် လျှောက်ထားသည့် အာဏာလွှဲအပ်ခံရသူတစ်ဦးဦး) အား DFCS မှ ဝန်ထမ်း တစ်ဦးက လူတွေ့မေးမြန်းမည်ဖြစ်သည်။ လူတွေ့မေးမြန်းခံရသူပုဂ္ဂိုလ်သည် သင့်အိမ်ထောင်စုအခြေအနေအကြောင်း သိရှိရမည်ဖြစ်သည်။ တယ်လီဖုန်းဖြင့် လူတွေ့မေးမြန်းခြင်းသည် လိုအပ်ပါသည်။ အိုမင်း/မသန်မစွမ်း ပုဂ္ဂိုလ်များ သို့မဟုတ် ရုံးသို့လာရန်အခက်အခဲရှိမည့် ပုဂ္ဂိုလ်များ အတွက် လူတွေ့မေးမြန်းခြင်းကို တယ်လီဖုန်း၊ ကြိုတင်စီစဉ်ထားသည့် အိမ်လာရောက်ခြင်း သို့မဟုတ် ရုံးသို့လာရောက်ခြင်း တို့ဖြင့်ပြီးပြတ်ဆောင်ရွက်နိုင်ပါသည်။ လူတွေ့မေးမြန်းခြင်းများ အကြောင်း ရှာဖွေရန် သင့်ဒေသ ဌာနနှင့် ဆက်သွယ်ပါ။

**လူတွေ့မေးမြန်းခြင်းတွင် ဘာဖြစ်မည်နည်း။**

သင့်အိမ်ထောင်စု ဝင်ငွေ၊ အရင်းအမြစ်များ၊ အိမ်လခ သို့မဟုတ် အိမ်အကြွေးဝယ်နှင့် သုံးစွဲမှုစရိတ်များ အကြောင်းမေးခွန်းများကို အမှုကိုင်ဝန်ထမ်းက သင့်အား မေးမြန်းပါလိမ့်မည်။ အချို့အိမ်ထောင်စုများအား ဆေးဝါးကုသစရိတ်များ၊ ကလေးစောင့်ရှောက်ရေးနှင့် ကလေးစရိတ်ကုကျငွေများ အကြောင်းကိုလည်း မေးမြန်း ပါလိမ့်မည်။ သင့်အိမ်ထောင်စုအခြေအနေ၏ အထောက်အထားသည် လိုအပ်ပါသည်၊ ထို့ကြောင့် အကယ်၍သင့်တွင် အောက်ပါအချက်အလက်များရှိပါက သင့်နှင့်အတူ ယူလာနိုင်သည်-

* မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား
* သင့် နိုင်ငံသားဖြစ်ကြောင်းအထောက်အထား - မွေးစာရင်း၊ အမေရိကန်ပြည်ထောင်စု နိုင်ငံကူးလက်မှတ်၊ ဆေးရုံမှတ်တမ်း စသဖြင့် ကဲ့သို့ဖြစ်သည်။
* အမေရိကန်ပြည်ထောင်စု နိုင်ငံသားမဟုတ်သော သက်သာခွင့်များကိုလျှောက်ထားသည့် သူများအတွက် လူဝင်မှုစာရွက်စာတမ်းများ
* သက်သာခွင့်များလျှောက်ထားသောသူများအတွက် လူမှုလုံခြုံရေးနံပါတ်များ
* အိမ်ထောင်စုဝင်တစ်ဦးချင်းအတွက် ဝင်ငွေ အထောက်အထား (ချက်လက်မှတ်ဖြတ်ပိုင်း၊ လူမှုလုံခြုံရေးအတွက်ခွင့်ပြုစာ သို့မဟုတ် စစ်မှုထမ်းဟောင်းများစီမံအုပ်ချုပ်ရေး၊ အလုပ်လက်မဲ့ထောက်ပံ့ကြေးများ၊ မိသားစု သို့မဟုတ် သူငယ်ချင်းများထံမှ ပံ့ပိုးငွေများ၊ ကလေးစရိတ်၊ စသဖြင့်တို့ဖြစ်သည်။)
* ယခင်လ၏ အိမ်လခလက်ခံဖြတ်ပိုင်း သို့မဟုတ် အိမ်အကြွေးဝယ် ပြန်ဆပ်ငွေစာအုပ်
* အသက် 60 နှင့် အထက် နှင့်/သို့မဟုတ် မသန်စွမ်းသူများ အတွက် ဆေးဝါးကုသ တောင်းခံငွေပြေစာများ
* အလုပ်လုပ်နေသော ၊ ကျောင်းတွင်ရှိသော သို့မဟုတ် လေ့ကျင့်သင်တန်းတွင်ရှိသော မိဘများ၏ကလေးအတွက် ကလေးစောင့်ရှောက် ပေးခငွေ လက်ခံဖြတ်ပိုင်းများ
* သင့်အခြေအနေပေါ်မူတည်ပြီး ထပ်ဆင့်အချက်အလက်များနှင့် အထောက်အထား လိုအပ်ကောင်းလိုအပ်နိုင်သည်။

သင်ပထမအကြိမ်လျှောက်ထားစဉ်က၊ အကယ်၍ သင့်တွင်အချက်အလက်များအားလုံးမရှိလျှင်၊ လူတွေ့မေးမြန်းသည့်နေ့မှစတင်၍ လိုအပ်သော အထောက်အထားများကို တင်ပြရန် သင့်အား 10 ရက်အချိန်ပေးမည်ဖြစ်သည်။

လူတွေ့မေးမြန်းခြင်းသည် တရားဝင်ဖြစ်ပြီး အိမ်ထောင်စုအခြေအနေများ၏ လျှို့ဝှက်ဆွေးနွေးမှုတစ်ခုဖြစ်သည်။ လူတွေ့မေးမြန်းသူသည် အချက်အလက် များကို ရိုးရိုးစင်းစင်းကောက်ယူပြီးသုံးသပ်ရမည်သာမဟုတ်ဘဲ၊ မရှင်းလင်းသော သို့မဟုတ် မပြည့်စုံသော အချက်အလက်များကို စူးစမ်းရမည်၊ ဖြေရှင်းရ မည် ဖြစ်သည်။

အကယ်၍ သင့်အိမ်ထောင်စုရှိ ပုဂ္ဂိုလ်တစ်ဦးသည် လူမှုလုံခြုံရေးနံပါတ် သို့မဟုတ် လူဝင်မှုအဆင့်အတန်း သို့မဟုတ် နိုင်ငံသားဖြစ်မှု အကြောင်း အချက်အလက်များကို မပေးအပ်လိုလျှင် ထိုပုဂ္ဂိုလ်သည် အစားအစာတံဆိပ်တုံး အတွက်ရထိုက်ခွင့်ရှိလိမ့်မည်မဟုတ်ပါ။ အခြား အိမ်ထောင်စုဝင်များသည် သက်သာခွင့်များအတွက် ရထိုက်ခွင့်ရှိနေသေးမည်ဖြစ်သည်။

လူမှုလုံခြုံရေးနံပါတ်ကိုမပေးရန် ရွေးချယ်သည့်အတွက် အမိမြေလုံခြုံရေးဌာန၊ အမေရိကန်ပြည်ထောင်စု နိုင်ငံသားဖြစ်မှုနှင့် လူဝင်မှုဝန်ဆောင်မှုများဌာနသို့ ပုဂ္ဂိုလ်သည် သတင်းပို့ခံရမည်မဟုတ်ပါ။

## သင်ရထိုက်ခွင့် ရှိသလား။

**အကယ်၍သင်သည်အောက်ပါတို့ဖြစ်လျှင် အစားအစာတံဆိပ်တုံး များအတွက် ရထိုက်ခွင့်ရှိနိုင်ပါသည်-**

- သင် အမေရိကန်ပြည်ထောင်စု နိုင်ငံသားတစ်ဦးဖြစ်လျှင် သို့မဟုတ် သင့်တွင် အချို့သော တရားဝင်နိုင်ငံခြားသားအဆင့်အတန်းရှိလျှင်
- အိမ်ထောင်စုအခြေအနေ၏အထောက်အထားအဖြစ် လိုအပ်သောစာရွက်စာတမ်းအားလုံးကို သင် ပေးအပ်လျှင်
- သင် နှင့်/သို့မဟုတ် အခြားအိမ်ထောင်စုဝင်များသည် အလုပ်သတ်မှတ်ချက်များကို လိုက်နာလျှင်
- အိမ်ထောင်စုတွင်နေထိုင်သောလူအရေအတွက်အပေါ်အခြေခံထားသည့် ဝင်ငွေကန့်သတ်ချက်များထက် အိမ်ထောင်စု လစဉ်ဝင်ငွေသည် မပိုမိုလျှင်
- အိမ်လခ သို့မဟုတ် အိမ်အကြွေးဝယ်ပေးဆပ်ငွေ၊ သုံးစွဲမှုငွေတောင်းပြေစာများ၊ နှင့် အချို့ကိစ္စများတွင် ဆေးဝါးကုသစရိတ်၊ ကလေးစောင့်ရှောက်စရိတ်နှင့် ကလေးစရိတ်များ တို့ကိုအကယ်၍ဤကုန်ကျငွေများ၏အထောက်အထားကိုတင်ပြလျှင် ရထိုက်ခွင့်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားပါသည်။

**သက်သာခွင့်များကို ရရှိရန် မည်မျှကြာအောင် စောင့်ဆိုင်းရပါသနည်း။**

လျှောက်လွှာကို လျှောက်လွှာတင်သွင်းသည့်ရက်မှ ရက်ပေါင်း 30 အတွင်း စိစစ်ဆောင်ရွက်ရမည်ဖြစ်ပြီး သက်သာခွင့်များကို အလိုရှိရမည်ဖြစ်ပါသည်။ အကယ်၍သင့်အိမ်ထောင်စုသည် ဝင်ငွေအနည်းငယ် သို့မဟုတ် လုံးဝမရှိဘဲ အထူးသတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် လျှောက်လွှာကို 7 ရက်အတွင်း စိစစ် ဆောင်ရွက်ပြီး သက်သာခွင့်များကို အလိုရှိရမည်ဖြစ်သည်။ အစားအစာတံဆိပ်တုံး သက်သာခွင့်များအတွက် သင့်အိမ်ထောင်စု ရထိုက်ခွင့်ရှိ မရှိ ဖော်ပြထားသည့်နို့တစ်စာ တစ်စောင်ကို အိမ်ထောင်စု တိုင်းထံသို့ ပို့ပါသည်။ အကယ်၍ရထိုက်ခွင့်ရှိလျှင် အိမ်ထောင်စုကလက်ခံရရှိလိမ့်မည်ဖြစ်သည့် သက်သာခွင့်များပမာဏနှင့် နောက်တခါပြန်မလျှောက်ထားမီ သက်သာခွင့်များကို မည်မျှထိကြာအောင် လက်ခံရရှိလိမ့်မည်ဖြစ်ကြောင်း နို့တစ်စာတွင် ဖော်ပြထား ပါသည်။

**သင် မည်မျှလက်ခံရရှိလိမ့်မည်နည်း။**

သင့်အိမ်ထောင်စုလက်ခံရရှိမည့် သက်သာခွင့်များပမာဏမှာ သင့် အစားအစာတံဆိပ်တုံး အိမ်ထောင်စုရှိ လူပုဂ္ဂိုလ်အရေအတွက်၊ အိမ်ထောင်စု ဝင်ငွေပမာဏ နှင့်ရသုံးငွေစာရင်းဖြစ်စဉ်တွင်အသုံးပြုသည့်ဖြတ်တောက်ငွေပမာဏ တို့အပေါ်တွင် မူတည်နေပါသည်။ လျှောက်လွှာတင်သည့်ရက်သည် ပထမ လတွင် အိမ်ထောင်စုမှလက်ခံရရှိမည့် သက်သာခွင့်များပမာဏအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။ သင့်အိမ်ထောင်စုက ရထိုက်ခွင့်ရှိနေသမျှကာလပတ်လုံး၊ လစဉ်သက်သာခွင့်များအား ပေးအပ်မည်ဖြစ်သည်။ သင့် EBT စာရင်းတွင် လက်ကျန်ရှိနေသေးသည့် သက်သာခွင့်များကို အကယ်၍သင့် အစားအစာတံဆိပ်တုံး အမှုကိစ္စပိတ်သိမ်းသွားသည့် တိုင်အောင် ၎င်းတို့ကိုအကုန်သုံးရန် ရရှိနိုင်ပါသည်။

**အကယ်၍ သင့်အမှုကိစ္စအပေါ်ဆုံးဖြတ်ချက်မှာ မမျှတ ဟုသင်ထင်မြင်လျှင် သင် ဘာလုပ်နိုင်သနည်း။**

အကယ်၍ သင့်အမှုကိစ္စအပေါ်ချမှတ်သည့် ဆုံးဖြတ်ချက်သည် မမျှတဟုသင်ယုံကြည်လျှင် မျှတသောကြားနာမှုတစ်ခုအတွက် သင့်တွင်အခွင့်အရေးရှိသည်။ သင့်ဒေသ ခရိုင်ဌာနသို့ စာဖြင့်ရေးသား၍ဖြစ်စေ သို့မဟုတ် ဖုန်းခေါ်၍ဖြစ်စေ မျှတသောကြားနာမှုတစ်ခုကို သင် တောင်းဆိုနိုင်သည်။ အကယ်၍သင် မျှတသော ကြားနာမှုတစ်ခုကိုလိုလားလျှင်၊ ရထိုက်ခွင့်နို့တစ်စာ သင် လက်ခံရရှိသည့်နေ့ရက်မှ 10 ရက်အတွင်း သင့်ဒေသ ခရိုင်ဌာနကို သင် ဆက်သွယ်သင့်သည်။

**အစားအစာတံဆိပ်တုံး သက်သာခွင့်များကို သင့်အားမည်ကဲ့သို့ ထုတ်ပေးသနည်း။**

သက်သာခွင့်များကို လျှပ်စစ်နည်းသက်သာခွင့်လွှဲပြောင်းရေး (EBT) ကတ်ပြားနှင့် ကိုယ်ရေးတိုယ်တာသက်သေခံနံပါတ် (PIN) တို့ကိုအသုံးပြု၍ ထုတ်ပေး ပါသည်။ အကယ်၍သင်သည် သက်သာခွင့်များကိုရထိုက်ခွင့်ရှိပြီး အိမ်ထောင်စု တစ်ခု၏ ဦးစီးအဖြစ် သက်သာခွင့်များကို မည်သည့်အခါမျှ လက်ခံမရရှိခဲ့လျှင် EBT ကတ်ပြားတစ်ခုကို စာတိုက်မှပို့ပေးမည်ဖြစ်သည်။ ခွင့်ပြုထားသည့် ဆိုင်များတွင် အစားအစာဝယ်ရန် အိမ်ထောင်စုသည် EBT ကတ်ပြားကိုအသုံးပြုရသည်။ ငွေချေကောင်တာတွင် အစားအစာသက်သာခွင့်စုစုပေါင်းပမာဏကို တွက်ချက်ပြီးသည့်အခါ သင်သည် သင့် EBT ကတ်ပြားကို အရောင်းကိရိယာနေရာတွင် လျှောတိုက်ဆွဲရမ်းပြီး သင့် PIN နံပါတ်ကို နှိပ်ပါ။

ဝယ်ထားသည့်ပမာဏ ကို သင့် လစဉ်စုစုပေါင်းရမည့်ချပေးသည့်သက်သာခွင့်များမှ နုတ်လိုက်ပါသည်။

**အစားအစာတံဆိပ်တုံး သက်သာခွင့်များဖြင့် မည်သည့်အရာများကို ဝယ်၍ရသနည်း။**

သက်သာခွင့်များကို အစားအစာနှင့် အပင်များ သို့မဟုတ် သင့်အိမ်ထောင်စုစားရန် စိုက်ရသည့်အစေ့များ ဝယ်ရန်အတွက်သာလျှင် အသုံးပြုနိုင်သည်။ အချို့သောအစားအစာကိုဖြည့်စည်းသည့်အားဆေးများဖြစ်သည့် (Ensure) အင်ရှူးဝါးကဲ့သို့ကို အစားအစာတံဆိပ်တုံး (Food Stamp) ဖြင့်ဝယ်ယူနိုင်ပါသည်။ ရေခဲ၊ ရေ နှင့် စတိုးဆိုင်အတွင်းစားသုံးရန်မဟုတ်သည့် အအေး သို့မဟုတ် အခန်းအပူချိန်ရှိအစားအစာများကို အစားအစာတံဆိပ်တုံး သက်သာခွင့်များဖြင့် ဝယ်ယူနိုင်ပါသည်။

**အစားအစာတံဆိပ်တုံး သက်သာခွင့်များဖြင့် မည်သည့်အရာများကို ဝယ်၍ မရသနည်း။**

အစားအစာတံဆိပ်တုံး သက်သာခွင့်များဖြင့် အရက်ယာမကာများ၊ စီးကရက်များ သို့မဟုတ် ဆေးရွက်၊ အိမ်သုံးပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ နှင့် စက္ကူထုတ်ကုန်များ၊ ဆေးဝါးများ၊ ဗီတာမင်များ၊ အိမ်မွေးတိရိစ္ဆာန်အစားအစာများ၊ သို့မဟုတ် အစားအစာမဟုတ်သည့်မည်သည့်ပစ္စည်းမဆို တို့ကိုဝယ်ယူ၍ မရနိုင်ပါ။

**အစားအစာတံဆိပ်တုံး သက်သာခွင့်များကို မည်သည့်နေရာတွင် သင် သုံးနိုင်သနည်း။**

အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဌာန၏ အစားအစာနှင့်အာဟာရဝန်ဆောင်မှုမှ ခွင့်ပြုထားသည့် အစားအစာစတိုးဆိုင်ကြီးများသည် အစားအစာကို ဝယ်ရန် EBT ကတ်ပြားကိုလက်ခံနိုင်ပါသည်။ စတိုးဆိုင်အတော်များများသည် အစားအစာဝယ်ရန် အစားအစာတံဆိပ်တုံး (Food Stamp) ကိုအသုံးပြုနိုင် ကြောင်းညွှန်းထားသည့် ဆိုင်းဘုတ်များကို ပြသထားပါသည်။

**အစားအစာတံဆိပ်တုံး သက်သာခွင့်များကို မည်မျှကြာအောင် သင်ရရှိမည်နည်း။**

အကယ်၍ရထိုက်ခွင့်ရှိလျှင်၊ သင့်အိမ်ထောင်စုသည် နောက်တစ်ကြိမ်ပြန်လည်မလျှောက်ထားမီ၊ တစ်လမှ တစ်နှစ်အတွက် အစားအစာတံဆိပ်တုံး များကိုလက်ခံရရှိနိုင်ပါသည်။ အတည်ပြုကာလ၏နောက်ဆုံးလတွင် သင့်အိမ်ထောင်စုသည် DFCS ထံမှရက်ချိန်းစာတစ်စောင် လက်ခံ ရရှိမည် ဖြစ်သည်။ သင့်အတည်ပြုကာလသည် မကြာမီပြီးဆုံးတော့မည်ဖြစ်ကြောင်း၊ သင့်အိမ်ထောင်စုသည်ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သင့်အားစာဖြင့် အကြောင်းကြားမည်ဖြစ်သည်။ အကယ်၍ ဤစာကိုအချိန်မီ သင်တုန့်ပြန်လျှင် အကယ်၍သင့်အိမ်ထောင်စုက ရထိုက်ခွင့်ရှိနေသေးလျှင် သင့်သက်သာခွင့်များကို ဆက်လက်ရနေပါလိမ့်မည်။ အကယ်၍သင်သည် ရက်ချိန်းစာကို မတုန့်ပြန်လျှင်၊ သင့်သက်သာခွင့်များ ရပ်ဆိုင်းသွားပါလိမ့်မည်။

**သက်သာခွင့်များကို လက်ခံနေသည့်အခါ သင့်အိမ်ထောင်စုက မည်သည့်ပြောင်းလဲချက်များကို သတင်းပို့ရမည်နည်း။**

**ရိုးရိုးစင်းစင်း သတင်းပို့သည့် အိမ်ထောင်စုများ -** ဂျော်ဂျီယာ (Georgia) ရှိအစားအစာတံဆိပ်တုံး အိမ်ထောင်စု အားလုံးတွင် ရိုးရိုးစင်းစင်း သတင်းပို့ရန် သတ်မှတ်ချက်များရှိပါသည်။ ဤကိစ္စဆိုလိုသည်မှာ သင့်အိမ်ထောင်စုအရွယ်အစားအတွက် ဗဟိုအစိုးရ ဆင်းရဲမွဲတေမှုအဆင့် 130 % ထက် သင့်စုစုပေါင်း တစ်လုံးတစ်ခဲတည်း တစ်လ ဝင်ငွေသည်ပိုမိုသည့်အခါမှသာလျှင် သင် ပြောင်းလဲချက်ကိုသတင်းပို့ရန်ဖြစ်သည်။

သင့်အမှုကိုင်ဝန်ထမ်းသည် ဤသတ်မှတ်ချက်ကို သင့်အားရှင်းပြပါလိမ့်မည်။ DFCS ဖုန်းခေါ်စင်တာကို ဖုန်း 1-877-423-4746 ဖြင့်ခေါ်၍ဖြစ်စေ သို့မဟုတ် www.compass.ga.gov သို့သွားရောက်၍ဖြစ်စေ ပြောင်းလဲချက်များကို သင် သတင်းပို့နိုင်ပါသည်။

**မည်သည်တို့သည် သင့် တာဝန်ဝတ္တရားများ ဖြစ်ပါသနည်း။**

- မေးခွန်းများအားလုံးကို ပြည့်ပြည့်စုံစုံ သင်ဖြေဆိုရမည်။
- မမှန်မကန်ဖော်ပြခြင်း ပြစ်ဒဏ်များအရ၊ အဖြေများအားလုံးမှန်ကန်ကြောင်းကို အတည်ပြုရန် သင့်အမည်ကို သင် လက်မှတ်ထိုးရမည်။
- သင်သည်ရထိုက်ခွင့်ရှိကြောင်း အထောက်အထားကို သင်တင်ပြရမည်။
- အိမ်ထောင်စုအခြေအနေ ပြောင်းလဲချက်များကို သတင်းပို့ရမည်။
- သင့်အစားအစာ သက်သာခွင့်များကို မရောင်းပါနှင့်၊ မလဲလှယ်ပါနှင့် သို့မဟုတ် မပေးလိုက်ပါနှင့်။
- ဝယ်ယူခွင့်ရှိသည့် အရာများကိုသာလျှင် ဝယ်ယူရန် အစားအစာတံဆိပ်တုံး သက်သာခွင့်များကိုသုံးပါ။

**စည်ကမ်းချက်များကို ဖောက်ဖျက်သည့်အတွက် မည်သည်တို့သည် ပြစ်ဒဏ်များ ဖြစ်ပါသနည်း။**

သိလျက်နှင့်မမှန်မကန်အချက်အလက်များပေးအပ်ခြင်းအတွက် သင်သည် သင့်သက်သာခွင့်များကို ဆုံးရှုံးနိုင်ကောင်း ဆုံးရှုံးနိုင်သည် (သို့) ပြစ်မှုဆိုင်ရာအရ တရားစွဲဆို ခံရကောင်း ခံရနိုင်ပါသည်။

- သင့်အိမ်ထောင်စု ရခွင့်မရှိသည့် သက်သာခွင့်များကို ရရှိရန်အတွက် မမှန်မကန်အချက်အလက်များကို မပေးပါနှင့် (သို့) အချက်အလက်များကို မဖုံးကွယ်ထားပါနှင့်။
- သင့်အတွက် မဟုတ်သည့် အစားအစာတံဆိပ်တုံး (Food Stamps) သို့မဟုတ် EBT ကတ်များကို မသုံးပါနှင့်၊ သင့် ကတ်ကို အခြားတစ်ဦးဦးအား ပေးမသုံးပါနှင့်။
- အစားအစာသက်သာခွင့်များဖြင့် စားစရာများမဟုတ်သော အရက် (သို့) စီးကရက် (သို့) အကြွေးကတ်များကိုပေးချေရန် အတွက် မသုံးပါနှင့်။
- Food Stamps (သို့) EBT ကတ်များကို တရားမဝင်သောပစ္စည်းများဖြစ်သည့် လက်နက်များ၊ ခဲယမ်းများ သို့မဟုတ် ထိန်းချုပ်ပစ္စည်းများ (မူးယစ်ဆေး) တို့နှင့် မလဲလှယ်ပါနှင့် (သို့) အရောင်းအဝယ်မလုပ်ပါနှင့်။

အစားအစာတံဆိပ်တုံး (Food Stamp) စည်းမျဉ်း <u>တစ်ခုခု</u> ကို တမင်တကာရည်ရွယ်၍ ဖောက်ဖျက်သူ မည်သည့် အိမ်ထောင်စုဝင်မဆို သည် Food Stamp အစီအစဉ်ကို တစ်နှစ်မှ ရာသက်ပန်အထိ ရပ်ဆိုင်းခံရနိုင်သည်၊ ဒဏ်ငွေ $250,000 အထိ ဒဏ်ရိုက်ခံရနိုင်သည်၊ ထောင်ဒဏ် အနှစ် 20 အထိ ကျခံရနိုင်သည် (သို့) ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်လုံး ကျခံရနိုင်သည်။ သူမ/သူ သည် အခြားသက်ဆိုင်သည့် ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေများအရ တရားစွဲဆိုခြင်းကိုလည်း ခံရနိုင်ကောင်း ခံရနိုင်သည်။ သူမ/သူ သည် အကယ်၍တရားရုံးက အမိန့်ချမှတ် လျှင် နောက်ထပ် 18 လ ကာလပို၍ Food Stamp အစီအစဉ်မှလည်း ရပ်ဆိုင်းခံရကောင်း ခံရနိုင်သည်။

စည်းမျဉ်းများကို ကြံရွယ်ချက်ဖြင့် ချိုးဖောက်သည့် မည်သည့် အိမ်ထောင်စုဝင် မဆိုသည် ပထမပြစ်မှုအတွက် တစ်နှစ်တာ ကာလ၊ ဒုတိယပြစ်မှုအတွက် နှစ်နှစ်တာ ကာလနှင့် တတိယပြစ်မှုအတွက် ရာသက်ပန် Food Stamp အစီအစဉ်မှ ရပ်ဆိုင်းခံရကောင်း ခံရနိုင်သည်။

အကယ်၍ သင် (သို့) အိမ်ထောင်စုဝင်တစ်ဦးဦးသည် မူးယစ်ဆေးရောင်းဝယ်မှုနှင့်ပတ်သက်သော ရောင်းဝယ်ဖောက်ကားမှုတစ်ခုတွင် Food Stamp သက်သာခွင့်များကို အသုံးပြုကြောင်း (သို့) လက်ခံကြောင်း အပြစ်ရှိသည်ဟု တရားရုံးတစ်ရုံးက တွေ့ရှိလျှင် သင် (သို့) အဆိုပါ အိမ်ထောင်စုဝင်သည် ပထမပြစ်မှုအတွက် နှစ်နှစ်ကာလ၊ ဒုတိယပြစ်မှုအတွက် ရာသက်ပန် သက်သာခွင့်များကို ရထိုက်ခွင့်ရှိမည် မဟုတ်ပါ။

အကယ်၍ သင် (သို့) အိမ်ထောင်စုဝင်တစ်ဦးဦးသည် လက်နက်များ၊ ခဲယမ်း (သို့) ဖောက်ခွဲပစ္စည်းများ ရောင်းဝယ်မှုနှင့်ပတ်သက်သော ရောင်းဝယ်ဖောက်ကားမှုတစ်ခုတွင် သက်သာခွင့်များကို အသုံးပြုကြောင်း (သို့) လက်ခံကြောင်း အပြစ်ရှိသည်ဟု တရားရုံးတစ်ရုံးက တွေ့ရှိလျှင် သင် (သို့) အဆိုပါ အိမ်ထောင်စုဝင်သည် ဤကျူးလွန်မှု၏ ပထမပြစ်မှုအတွက် ရာသက်ပန် Food Stamp အစီအစဉ်တွင် ပါဝင်ရန် ရထိုက်ခွင့်ရှိမည် မဟုတ်ပါ။

အကယ်၍ သင် (သို့) အိမ်ထောင်စုဝင်တစ်ဦးဦးသည် စုစုပေါင်း ပမာဏအားဖြင့် $ 500 (သို့) ထိုထက်ပိုမို၍ သက်သာခွင့်များကို ရောင်းဝယ်ဖောက်ကားကြောင်း အပြစ်ရှိသည်ဟု တရားရုံးတစ်ရုံးက တွေ့ရှိလျှင် သင် (သို့) အဆိုပါ အိမ်ထောင်စုဝင်သည် ဤကျူးလွန်မှု၏ ပထမပြစ်မှုအတွက် ရာသက်ပန် Food Stamp အစီအစဉ်တွင်ပါဝင်ရန် ရထိုက်ခွင့်ရှိမည် မဟုတ်ပါ။

အကယ်၍ သင် (သို့) အိမ်ထောင်စုဝင်တစ်ဦးဦးသည် Food Stamp သက်သာခွင့်များကို အများအပြားတစ်ပြိုင်နက် လက်ခံရရှိရန်အလို့ငှါ၊ မည်သူမည်ဝါဖြစ်ကြောင်း (သူတို့ဘယ်သူဖြစ်သည်) (သို့) နေထိုင်ရာလိပ်စာ (သူတို့မည်သည့်နေရာတွင် နေထိုင်သည်) နှင့်စပ်လျဉ်း၍ လိမ်လည်လှည့်ဖြားသော ထွက်ဆိုချက်တစ်ခု (သို့) လိမ်လည်လှည့်ဖြားသော တင်ပြမှုတစ်ခု တင်ပြကြောင်း တွေ့ရှိလျှင် သင် (သို့) အဆိုပါ အိမ်ထောင်စုဝင်သည် ဆယ်နှစ်ကာလအတွက် Food Stamp သက်သာခွင့်အစီအစဉ်တွင်ပါဝင်ရန် ရထိုက်ခွင့်ရှိမည် မဟုတ်ပါ။

**အိမ်ထောင်စုသို့ သက်သာခွင့်များကို မည်သည့်အခါ ရရှိနိုင်သနည်း။**

လစဉ် 5 ရက်နေ့မှ 23 ရက်နေ့အတွင်း EBT စာရင်းသို့ သက်သာခွင့်များအား ထည့်ပေးပါသည်။ သင့်သက်သာခွင့်များအား ရယူရန် သင့် EBT ကတ်ပြားနှင့် PIN သင် လိုအပ်မည်။ အကယ်၍သင် EBT ပျောက်လျှင် သို့မဟုတ် အခိုးခံရလျှင် သို့မဟုတ် သင့် PIN နံပါတ်ကိုမေ့နေလျှင်၊ EBT ဖောက်သည်များဝန်ဆောင်မှု အကူလိုင်းကို ဖုန်းနံပါတ် 1-888-421-3281 ဖြင့်ခေါ်ပါ။ သင့် ပျောက်ဆုံးသွားသည့် သို့မဟုတ် အခိုးခံရသည့် ကတ်ပြားကို ပယ်ဖျက်ပါလိမ့်မည်။ သင့်အိမ်ထောင်စုကို EBT ကတ်ပြားအသစ်တစ်ခု နှင့်/သို့မဟုတ် PIN အသစ် တစ်ခုကိုထုတ်ပေးပါလိမ့်မည်။ သင့် EBT စာရင်းအကြောင်း အွန်လိုင်းမှ အချက်အလက်များကိုရယူရန်၊ ကွန်ရက်တွင် လော့ဂ်အွန် လုပ်ပါ- www.ebt.acs-inc.com သင့် ကတ်ပြားနံပါတ်နှင့် ကိုယ်ရေးကိုယ်တာသက်သေခံနံပါတ် (PIN) ကိုအသုံးပြု၍ သင်သည် အောက်ပါတို့ကိုလုပ်နိုင်သည် -

- သင့်လက်ရှိစာရင်းလက်ကျန်ကို စစ်ဆေးနိုင်သည်
- သင့်စာရင်းသမိုင်းကြောင်းကို ကြည့်ရှုနိုင်သည်
- သင့် PIN နံပါတ်ကို ပြောင်းနိုင်သည်
- ဖောက်သည်ဝန်ဆောင်မှုကို ဆက်သွယ်နိုင်သည်

သင့်အချက်အလက်များကိုရယူရန် သင့်ကတ်ပြားနံပါတ်ကို သင်အဆင်သင့်ရှိထားရမည်ဖြစ်သည်။ သင့် EBT ကတ်ပြားနှင့် PIN ကိုလုံခြုံသောနေရာတွင် ထားရှိရန် အမှတ်ရပါ။ အကယ်၍တစ်ဦးတစ်ယောက်က သင့် EBT ကတ်ပြားနှင့် PIN ကိုရသွားလျှင် ထိုသူသည် သင့်သက်သာခွင့်များကို ရယူနိုင်သည်။ သင့် EBT စာရင်းမှ ရယူသွားသောသက်သာခွင့်များကို DFCS က ပြန်လည်ထုတ်ပေးမည် **<u>မဟုတ်ပါ။</u>**

**သင့်တွင် အောက်ပါအခွင့်အရေးရှိသည် -**

- သင်တောင်းဆိုသည့်နေ့တွင် လျှောက်လွှာတစ်စောင်ကို လက်ခံခွင့်ရှိသည်။
- သင်တင်သွင်းသည့်အခါ သင့်လျှောက်လွှာကိုလက်ခံရန် သင့်တွင်အခွင့်အရေးရှိသည်။
- အကယ်၍သင်သည် အစားအစာတံဆိပ်တုံး (Food Stamp) ရုံးသို့မသွားနိုင်လျှင် သင့်အိမ်ထောင်စုအတွက် လူရွယ်တစ်ဦးကလျှောက်ပေးရန် အခွင့်အရေးရှိသည်။
- အကယ်၍သင်သည် အသက် 60 သို့မဟုတ် ထိုထက်ကြီးသည် သို့မဟုတ် မသန်စွမ်းသည် ၄င်းပြင် တစ်ဦးတစ်ယောက်ကသင့်အတွက်လျှောက်ပေး ရန်မရှိလျှင် အိမ်သို့လာရောက်၍ သို့မဟုတ် တယ်လီဖုန်းဖြင့် လူတွေ့မေးမြန်းခြင်းကို ရခွင့် ရှိသည်။
- အကယ်၍ရထိုက်ခွင့်ရှိလျှင်၊ သင့်လျှောက်လွှာကို သင်တင်သွင်းပြီးသည့်နေ့မှစ၍ ရက်ပေါင်း 30 အတွင်း သင့် EBT ကတ်ပြားနှင့် PIN ကိုရခွင့် ရှိသည်၊ သို့မဟုတ်
- အကယ်၍ အမြန်နှုန်းဝန်ဆောင်မှုများအတွက်ရထိုက်ခွင့်ရှိလျှင်၊ သင့်လျှောက်လွှာကို သင်တင်သွင်းပြီးသည့်နေ့မှစ၍ 5 ရက်အတွင်း သင့် EBT ကတ်ပြားနှင့် PIN ကိုရခွင့်ရှိသည်။
- အသက်၊ လိင်၊ လူမျိုး၊ အသားအရောင်၊ မသန်စွမ်းမှု၊ ဘာသာရေးယုံကြည်မှု၊ မူရင်းနိုင်ငံသား၊ သို့မဟုတ် နိုင်ငံရေးယုံကြည်ချက်များ တို့ကိုမသက်ဆိုင်စေဘဲ မျှတသောဆက်ဆံမှုကို လက်ခံရရှိရန်အခွင့်အရေးရှိသည်။
- သင့်အမှုကိစ္စအပေါ် အရေးယူမှုတစ်ခုခုနှင့်စပ်လျဉ်း၍ အကယ်၍သင်မကျေနပ်လျှင် မျှတသောကြားနာမှုတစ်ခုရခွင့်ရှိသည်။
- သင့်အမှုတွဲကို ကြည့်ရှုစစ်ဆေးခွင့်နှင့် အစီအစဉ်၏စည်းမျဉ်းများကို ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။
- ပြောင်းလဲချက်ကို စာဖြင့်ရေးသား၍သတင်းမပို့သောကြောင့် အကယ်၍သင့် သက်သာခွင့်များ လျှော့ကျသွားလျှင် သို့မဟုတ် ရပ်ဆိုင်းသွားလျှင် ကြိုတင်၍ သင့်အားအကြောင်းကြားရန် အခွင့်အရေးရှိသည်။

လူမျိုး၊ အသားအရောင်၊ လိင်၊ အသက်၊ ဘာသာရေး၊ မူရင်းနိုင်ငံသား၊ နိုင်ငံရေးရင်းနီးမှု၊ သို့မဟုတ် မသန်စွမ်းမှု အပေါ်အခြေခံပြီး၊ အေဂျင်စီ၏ဝန်ဆောင်မှု များအတွက် မည်သည့်လျှောက်လွှာ ရှင် သို့မဟုတ် လက်ခံသူများအား ပါဝင်ဆင်နွှဲခြင်းမှဖယ်ထုတ်ရန်၊ သက်သာခွင့်များကို ငြင်းပယ်ရန်၊ သို့မဟုတ် ဌာနခွဲမှ ဆောင်ရွက်သော သို့မဟုတ် ထောက်ပံ့သော မည်သည့်အစီအစဉ် သို့မဟုတ် လှုပ်ရှားမှုတွင် အခြားနည်းခွဲခြားခြင်း တို့ကိုမလုပ်ရန် မိသားစုနှင့် ကလေး ဝန်ဆောင်မှု များဌာနခွဲက သတ်မှတ်ထားသည်။ ဤသတ်မှတ်ချက်သည် ဌာနခွဲမှ ရည်ညွှန်းလွှဲပို့သည့် သို့မဟုတ် ဝန်ဆောင်မှုကိုစေခိုင်းခံရသည့် တစ်ဦးချင်းပုဂ္ဂိုလ် များ၊ ကလေးထိန်းဌာနများ နှင့် အခြား အေဂျင်စီများ/အဖွဲ့အစည်းများ တို့နှင့်သက်ဆိုင်သည်။

ဖက်ဒရယ်အစိုးရ၏အများပြည်သူရပိုင်ခွင့်များဥပဒေနှင့် အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဌာန (USDA)၏ အများပြည်သူ ရပိုင်ခွင့် စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ USDA၊ ၎င်း၏အဖွဲ့အစည်းများ၊ ရုံးများ၊ အလုပ်သမားများ၊ USDA ၏ အစီအစဉ်များတွင် ပါဝင်နေသည့် သို့မဟုတ် စီမံခန့်ခွဲနေသည့် အဖွဲ့အစည်းများအား  လူမျိုး၊ အသားရောင်၊ မူရင်းနိုင်ငံသား၊ လိင်၊ ဘာသာရေးကိုးကွယ်မှု၊ မသန်စွမ်းမှု၊ အသက်၊ နိုင်ငံရေးယုံကြည်ချက်များအပေါ်အခြေခံ၍ ခွဲခြားဖိနှိပ်ခြင်းပြုလုပ်ခြင်း၊ သို့မဟုတ် USDA မှဆောင်ရွက်သည့် သို့မဟုတ် ရန်ပုံငွေ မတည်ပေးထားသည့် အစီအစဉ် တစ်ခုခုတွင် ယခင်က အရပ်သားအခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုတစ်ခုခုအတွက် လက်တုံ့ပြန်ခြင်းမှ တားမြစ်ပိတ်ပင် ထားသည်။

အစီအစဉ်အချက်အလက်များအား (ဥပမာ ဘရေးလ်၊ စာလုံးကြီး၊ အသံတိပ်ခွေ၊ နားမကြားသူများအတွက် အမေရိကန် သင်္ကေတဘာသာစကား စသည်ဖြင့်) အခြားနည်းဖြင့် သိရှိလိုသည့် မသန်စွမ်းသူများမှာ အကျိုးခံစားခွင့်များ လျှောက်သည့် (ပြည်နယ် သို့မဟုတ် ဒေသခံ) အဖွဲ့အစည်းအား ဆက်သွယ်ရပါမည်။ နားမကြားသူ၊ နားလေးသူ သို့မဟုတ် စကားမပြောနိုင်သူများမှာ USDA အား ဖက်ဒရယ်အစိုးရ တစ်ဆင့်ကမ်းဝန်ဆောင်မှု နံပါတ် (800) 877-8339 တွင် ဆက်သွယ်နိုင်ပါသည်။ ထို့အပြင် အစီအစဉ် အချက်အလက်များအား အင်္ဂလိပ်ဘာသာအပြင် အခြားဘာသာစကားများဖြင့်လည်း ရယူနိုင်ပါသည်။

ခွဲခြားဆက်ဆံမှုတစ်ခု တိုင်တန်းရန် USDA အစီအစဉ် ခွဲခြားဆက်ဆံမှု တိုင်ကြားချက် ပုံစံ [USDA Program Discrimination Complaint Form] (AD-3027) ကို အွန်လိုင်းတွင် http://www.ascr.usda.gov/complaint_filing_cust.html သို့မဟုတ် USDA ရုံးတစ်ရုံးရုံး မှရယူဖြည့်စွက်ပါ။ သို့မဟုတ် ပုံစံတွင်တောင်းဆိုထားသည့် အချက်အလက်အားလုံး ပါရှိသည့် စာတစ်စောင်ကိုလည်း USDA ထံလိပ်မူ၍ ရေးနိုင်ပါသည်။ တိုင်ကြားသည့်ပုံစံတစ်ခုကိုတောင်းရန် ဖုန်း (866) 632-9992 ကိုဆက်ပါ။ ဖြည့်စွက်ပြီးသည့် ပုံစံ သို့မဟုတ် တိုင်တန်းစာကို USDA ထံ အောက်ပါနည်းများဖြင့် ပေးပို့ပါ -

(၁) စာတိုက်မှ - U.S. Department of Agriculture

Office of the Assistant Secretary for Civil Rights

1400 Independence Avenue, SW

Washington, D.C. 20250-9410

(၂) ဖက်စ်ဖြင့် - (202) 690-7442 ၊ သို့မဟုတ်

(၃) အီးမေး - program.intake@usda.gov ။

ဤအဖွဲ့အစည်းသည် တန်းတူညီမျှအခွင့်အလမ်းပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။

DFCS Civil Rights Program, Two Peachtree Street, N.W., Suite 19-248, Atlanta, Georgia 30303 ထံဆက်သွယ်ခြင်း၊ (404) 657-3735 ထံ ဖုန်းဆက်ခြင်း၊ (404) 463-3978 ထံ ဖက်စ်ပို့ခြင်းတို့အားဖြင့်လည်း ခွဲခြားဆက်ဆံမှုများ တိုင်ကြားနိုင်ပါသည်။ DHS Limited English Proficiency and Sensory Impaired Program, Two Peachtree Street, N.W., Suite 29-103 N.W., Atlanta, GA 30303 ထံ ဆက်သွယ်၍သော်၎င်း၊ (404)-657-5244 ထံဖုန်းဆက်၍သော်၎င်း၊ (404)-651-6815 ထံဖက်စ်ပို့၍သော်၎င်း အင်္ဂလိပ်ဘာသာ တတ်ကျွမ်းမှု နည်းပါးသူများနှင့် အာရုံပိုင်းဆိုင်ရာ ချွတ်ယွင်းသူများအတွက် ဝန်ဆောင်မှုများ ရယူနိုင်ပါသည်။

မိသားစုနှင့်ကလေးများအတွက် ဝန်ဆောင်မှုများဌာနမှ အစားအစာထောက်ပံ့မှုအကျိုးခံစားခွင့်များနှင့်ပတ်သက်သည့် အကြောင်းအရာများ အတွက် အကူအညီပေးနိုင်ပြီး မေးခွန်းများ ဖြေပေးနိုင်ပါသည်။ ကျေးဇူးပြု၍ အောက်ပါနံပါတ်ကို ဖုန်းဆက်ပါ။

**အခမဲ့ဖုန်းနံပါတ် 1-877-423-4746**